# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 5 , 2023 Volume 71, Number 4

၅.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၆ US$ |
| မြန်မာ့ရွှေဈေး | = ၃၃၉၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၁.၅၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၄၆ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပမှတင်သွင်းမည့်သွင်းကုန်များအနက် ဦးစားပေးကဏ္ဍသုံးခု သတ်မှတ်ထားပြီး စက်သုံးဆီ၊ LPG Gas၊ ဆေး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံး မော်တော်ယာဉ်များပါဝင်

ပြည်ပမှ တင်သွင်းမည့်သွင်းကုန်များအနက် ဦးစားပေးကဏ္ဍသုံးခု သတ်မှတ်ထားပြီး ယင်းဦးစားပေးကဏ္ဍများတွင် စက်သုံးဆီ၊ LPG Gas ၊ ဆေး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးမော်တော်ယာဉ်များစသည်တို့ ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပမှတင်သွင်းမည့် သွင်းကုန်များအတွက် ဦးစားပေး(၁)တွင် ဆေး၊ ဆေးအထောက်အကူပစ္စည်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ စားသုံးဆီ၊ မျိုးစေ့၊ မွေးမြူရေးလုပ်ငန်းသုံးကုန်ကြမ်း၊ တိရစ္ဆာန်သုံးဆေးဝါး၊ စက်မှုကုန်ကြမ်း၊ ပလတ်စတစ်ကော်စေ့၊ စားသောက်ကုန်ကြမ်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ဆေးဝါးကုန်ကြမ်းပစ္စည်းများနှင့်ပရဆေးကုန်ကြမ်း၊ Packing Materials၊ စက်ဆီ၊ ချောဆီနှင့် အခြားစက်မှုသုံးဆီများ၊ ကတ္တရာ၊ LPG Gas တို့ ပါဝင်သည်။

ဦးစားပေး(၂)တွင် သံနှင့်သံမဏိပစ္စည်းများ၊ Paper & Stationary၊ လျှပ်စစ်ဓာတ်အားထုတ်၊ လွှတ်၊ ဖြန့်ပစ္စည်းများ၊ Construction Materials၊ Machine & Spare Parts ၊ တာယာနှင့်ရော်ဘာထုတ်ကုန်ပစ္စည်းများ၊ အပိုပစ္စည်းများ (ယာဉ်၊ စက်၊ ဆက်သွယ်ရေးပစ္စည်းများ) ပါဝင်သည်။

ဦးစားပေး(၃)တွင် Electronic Goods၊ Electrical Goods၊ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးသုံးပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်နှင့်ယန္တရားများ ပါဝင်ကြောင်းသိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံးတင်သွင်းထားသည့် နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့်အမေရိကန်တို့ ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းမှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ ဒသမ ၁၀ သန်း၊ စင်ကာပူမှဒေါ်လာ ၂၆၀၄ ဒသမ၂၂ သန်း၊ ထိုင်းနိုင်ငံမှ ဒေါ်လာ ၁၉၈၀ ဒသမ ၈၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၁၆၄ ဒသမ ၅၁ သန်း၊ မလေးရှားနိုင်ငံမှ ဒေါ်လာ ၇၈၇ ဒသမ ၃၄ သန်း၊ အိန္ဒိယနိုင်ငံမှ ဒေါ်လာ ၃၈၆ ဒသမ ၅၄ သန်း၊ တောင်ကိုရီးယားနိုင်ငံမှ ဒေါ်လာ ၃၇၆ ဒသမ ၈၅ သန်း၊ ဗီယက်နမ် နိုင်ငံမှ ၅၈ သန်း၊ ဂျပန်နိုင်ငံမှဒေါ်လာ ၃၅၂ ဒသမ ၄၆ သန်းနှင့် အမေရိကန်မှ ဒေါ်လာ ၂၂၇ ဒသမ ၃၂ သန်း တင်သွင်းထားသည်။

**Source:** https://news-eleven.com/article/254628

## “အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း” တတိယနေ့နှင့် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ၂၀၂၃ ခုနှစ်၊ မေလမှ ၂၀၂၆ ခုနှစ်၊ ဧပြီလအထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် “ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုး ကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း”၏ လုပ်ငန်းအစီအစဉ်အရ “အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း” တတိယနေ့သင်တန်းအစီအစဉ်များကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သင်တန်းခန်းမတွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့၊ နံနက် (၉:၃၀) နာရီအချိန်တွင် ဆက်လက်ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတတိယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဝ်မူတာကပေါနှင့်တာဝန်ရှိသူများ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့်တာဝန်ရှိသူများသည် သင်တန်းခန်းမသို့လာရောက်၍ သင်ကြားပို့ချနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ထို့နောက် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

သင်တန်းတတိယမြောက်နေ့ရက်တွင် သင်တန်းနည်းပြအဖြစ်ဆောင်ရွက်သော မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှဥက္ကဋ္ဌ ဒေါ်စမ်းစမ်းဟန်က အုန်းသီးနုအရည်နှင့်အုန်းစိမ်းအသားများကိုအခြေခံ၍ ကျောက်ကျောမှုန့်၊ သကြားတို့ဖြင့်ပေါင်းစပ်ပြီး အုန်းစိမ်းဂျယ်လီပြုလုပ်ခြင်း၊ အုန်းသီးချိုချဉ်နှင့်အုန်းသီး Gummy ချိုချဉ်ပြုလုပ်ခြင်းများကို စာတွေ့နှင့်သင်တန်းသားများကိုယ်တိုင်ပြုလုပ်နိုင်အောင် လက်တွေ့သင်ကြားပေးခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားအား ၁၆:၀၀ နာရီအချိန်၌ ကျင်းပခဲ့ရာတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းအစီအစဉ်ကို ၁၇:၀၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။


**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## ကမ္ဘာ့ဆန်ဈေး မြင့်တက်ခြင်းကြောင့် မလေးရှားဆန်ပြတ်လပ်မှု ရင်ဆိုင်နေရ

မလေးရှားတွင် အိမ်ထောင်စုများသည် အသုံးစရိတ်ချွေတာနေကြရသဖြင့် ဈေးနှုန်းမြင့်မားသော စားသောက်ကုန်အစား ဈေးသက်သာသည်ကို ရွေးချယ်ဝယ်ယူကြသည်ဖြစ်ရာ သွင်းကုန်ဆန် ဈေးနှုန်းများ မြင့်တက်သည့်အတွက် ဈေးသက်သာသည့် ပြည်တွင်းထွက်ဆန်များကို ပြောင်းလဲစားသုံးလာကြရာ ဝယ်လိုအားမြင့်တက်ပြီး ပြည်တွင်းထွက်ဆန် ပြတ်လပ်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။

မလေးရှားတွင် တစ်နိုင်ငံလုံး ဆန်စားသုံးမှု၏ ၇၀% ကိုသာ ပြည်တွင်းဆန်က ဖြည့်တင်းပေးနိုင်သည်။ သို့ဖြစ်ရာ မလေးရှား အစိုးရသည် ပြည်တွင်းစပါးထုတ်လုပ်မှုမြှင့်တင်ရန် အစီအစဉ်များကို စတင်ချမှတ်ကျင့်သုံးသည်။ စူပါမားကတ်များနှင့် အသေးစားကုန်စုံဆိုင် အများအပြားတွင် ပြည်တွင်းထုတ်ဆန်ဖြူ ၅ ကီလိုဂရမ်နှင့် ၁၀ ကီလိုဂရမ်အိတ်များ တင်လိုက်သည်နှင့် လာဝယ်ကြရာ လက်ကျန်မရှိတော့သည်အထိ ဖြစ်နေသည်။

မလေးရှားတွင် ပြည်တွင်းဆန်ဖြူ အများဆုံးဈေးနှုန်းကို ကန့်သတ်ပြဋ္ဌာန်းထားသည်။ ၁၀ ကီလိုဂရမ် ၂၆ ရင်းဂစ် ($5.54) ထက် မပိုရဟုပြဋ္ဌာန်းထားသည်။ ၎င်းဈေးနှုန်းကို ကမ္ဘာ့ဆန်ဈေးနှုန်းများ မတက်ခင်က သတ်မှတ်ပေးထားခြင်းဖြစ်သည်။ မလေးရှားနိုင်ငံသည် အိန္ဒိယ၊ ပါကစ္စတန်၊ ထိုင်း၊ ဗီယက်နမ်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်ဖြူများ အများဆုံး




တင်သွင်းသည်။ ပြည်ပမှတင်သွင်းသည့် ဆန်များသည် ကမ္ဘာ့ဆန်စျေးနှုန်းတက်သည့်အလျောက် စျေးနှုန်းများမြင့်တက်သည်။

မလေးရှားတွင် ဆန်ဖြန့်ဖြူးမှုကို ထိန်းချုပ်သည့် မလေးရှားလုပ်ငန်းစု Padiberas Nasional (Bernas) သည် မကြာသေးမီက ကမ္ဘာ့စျေးနှုန်းမြင့်တက်မှုကို ချိန်ညှိရန် စက်တင်ဘာလ ၁ ရက်တွင် တင်သွင်းသော ဆန်လက်လီစျေးနှုန်းကို ၃၆ ရာခိုင်နှုန်းမြှင့်တင်ခဲ့သည်။ ပြည်ပဆန်စျေးနှုန်းသည် ၁၀ ကီလိုဂရမ် ရင်းဂစ် ၃၀ မှ ၇၀ အထိရှိသည်။ သို့ဖြစ်ရာ ပြည်ပဆန်နှင့်ပြည်တွင်းဆန်တို့အကြား စျေးနှုန်းကွာဟချက် ကြီးမားသွားသည်။ ထိုအခါ စားသုံးသူတို့က စျေးသက်သာသည့် ပြည်တွင်း ဆန်ကို ဝယ်ယူကြသည်။

ပြည်ပသွင်းကုန်ဆန်နှင့် ပြည်တွင်းထွက်ဆန်တို့အကြား စျေးနှုန်းကွာဟချက် ပိုများလာနေသဖြင့် ယခင်ကမဝယ်ခဲ့ကြသည့် ပြည်တွင်းထွက်ဆန်တို့ကို ယခုအခါ သူ့ထက်ငါဦးအောင် ဝယ်ယူနေကြသဖြင့် ပြတ်လပ်သည့်အဖြစ်ကို ကြုံနေရသည်ဟု စူပါမားကက်များဖွင့်လှစ်သည့် လုပ်ငန်းကြီး Mydin မှ ညွှန်ချုပ် Ameer Ali Mydin က ပြောကြားသည်။ "စျေးနှုန်းကွာဟချက်တွေကိုမြင်ရင် လူတွေထိတ်လန့်သွားလို့ ပြည်တွင်းဆန်ဝယ်ကြလို့ ပြတ်လပ်မှုတွေဖြစ်နေတယ်။ ထိတ်လန့်တကြားနဲ့ ဝယ်လိုက်ကြတယ်။ လိုတာထက်ပိုပြီး ဝယ်သိမ်းထားကြတယ်။ လူတိုင်းက ဆန်တစ်အိတ်၊ နှစ်အိတ် ပိုဝယ်ကြတော့ ဝယ်တဲ့သူဦးရေ သောင်းချီနေတဲ့အခါ ဆန်တွေတန်နဲ့ချီပြီး စျေးကွက်ထဲကထွက်သွားတယ်"ဟု သူက ပြောသည်။

အစိုးရက ပြည်တွင်း စပါးထုတ်လုပ်မှု တိုးစေမည့်အစီအစဉ်များကို စတင်အကောင်အထည်ဖော်သည်။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဒုဝန်ကြီး Chan Foong Hin က အစိုးရသည် တစ်ဟက်တာလျှင် ၅ တန် စပါးထွက်သည်ကို ပျမ်းမျှ ၇ တန်အထိ အထွက်နှုန်းတိုးစေရန် ပြည်နယ်အများအပြားတွင် အကြီးစားစပါးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း လွှတ်တော်သို့ပြောကြားခဲ့သည်။

**Source : Asia nikkei**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6997-asia-rice.html

## ပန်းတနော်မြို့နယ်တွင် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ စျေးကောင်းရရှိ



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ စျေးကောင်းရရှိလာကြောင်း ပန်းတနော်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လက ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၄၅၀၀၀ ထိသာ စျေးရှိခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ယနေ့(အောက်တိုဘာလ ၄)ရက်နေ့ထိ ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၆၅၀၀၀ ထိ စျေးကောင်းရရှိနေကြောင်း၊ အဆိုပါငရုတ်သီးစိမ်း စျေးကောင်းရရှိနေခြင်းသည် ဒေသတွင်းစျေးကွက်မှ ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခုလက အရင်နှစ်လထက် ငရုတ်သီးစိမ်းက စျေးကောင်းရရှိလာပါတယ်။ လက်ရှိဒေသထွက်ငရုတ်သီးစိမ်းတွကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းလို့ အရောင်းအဝယ်ကောင်းပြီး စျေးကောင်းရရှိနေတာပါ။ အခုနှစ်ငရုတ်သီးစိမ်းစျေးက ကောင်းသလို အထွက်နှုန်းကလဲ ကောင်းပါတယ်။ ဒီနှစ်တော့ ငရုတ်စိုက်တောင်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။

လက်ရှိ ငရုတ်သီးစိမ်း ၁၀ ပိဿာကို ငွေကျပ် ၆၅၀၀၀ ထိ အမြင့်ဈေးရနေတာပါ” ဟု ပန်းတနော်မြို့နယ် စားသောက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဦးက ပြောပြသည်။

ပန်းတနော်မြို့မှ တောင်သူများသည် ငရုတ်စိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် ငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိ ငရုတ်သီးစိမ်း ဈေးကောင်းနေခြင်းကြောင့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## အိန္ဒိယအစိုးရသည် ဘန်ဂလိုပြည်နယ်မှထွက်ရှိသည့် နှင်းဆီကြက်သွန်နီ(Rose Onions) တင်ပို့မှုအပေါ် အခွန်ကောက်ခံမှုအား ကင်းလွတ်ခွင့်ပြု

အိန္ဒိယ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ သောကြာနေ့က ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ ဘန်ဂလိုပြည်နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများအား ပြည်ပသို့တင်ပို့ရာတွင် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကုန်တင်ပို့သူသည် ပြည်နယ်သစ်သီးဝလံပန်းမန်စိုက်ပျိုးသူများအသင်းမှထုတ်ပေးထားသည့် ပြည်ပသို့တင်ပို့မည့် ဘန်ဂလိုနှင်းဆီကြက်သွန်နီ အမျိုးအစားနှင့်အရေအတွက်ကို အသိအမှတ်ပြုလက်မှတ်ထုတ်တင်ပြနိုင်ပါက အစိုးရက အခွန်ကင်းလွတ်ခွင့်များပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အိန္ဒိယအစိုးရက ပြည်တွင်းဈေးကွက်အတွက် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ဈေးနှုန်းများမြင့်တက်ခြင်းတို့ကို ထိန်းချုပ်နိုင်ရန်အတွက် ကြက်သွန်နီအမျိုးအစားအားလုံးတင်ပို့မှုအပေါ် အခွန် ၄၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ဩဂုတ်လတွင် အမိန့်ထုတ်ပြန်ထားပါသည်။

ယနေ့အထိ အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ရူပီး ၃၃.၅၃ ရှိကြောင်း စားသုံးသူရေးရာ ဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယအစိုးရသည် ယခင်စံချိန်ပမာဏထက်ပိုလွန်၍ အရန်ကြက်သွန်နီ တန်ချိန် ၂ ဒသမ ၅ သိန်းဝယ်ယူသိုလှောင်ခဲ့သဖြင့် နိုင်ငံအတွင်း ကြက်သွန်နီများ အလုံအလောက်ရှိသော်လည်း ယခုနှစ်နွေရာသီ အပူလွန်ကဲမှုကြောင့် အရည်အသွေးမကောင်းသော ကြက်သွန်နီအချိုးအစားမြင့်မားလာသဖြင့် အရည်အသွေးကောင်း ကြက်သွန်နီများ ဈေးကြီးလာပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကြက်သွန်နီတင်ပို့မှုပမာဏသည် ၆၄ ရာခိုင်နှုန်းခုန်တက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ တွင် တန်ချိန် ၂၅ ဒသမ ၂၅ သိန်းထိတင်ပို့ခဲ့ပြီး ခြောက်နှစ်အတွင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဘန်ဂလိုနှင်းဆီကြက်သွန်နီသည် အိန္ဒိယနိုင်ငံ တာနာတာကာပြည်နယ်မှထွက်ရှိသည့် ကြက်သွန်နီအမျိုးအစားတစ်ခု ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ပထဝီဒေသဆိုင်ရာအညွှန်း(Geographical Indiacation-GI) ရရှိထားသည့်ကုန်ပစ္စည်းဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ကုန်ဈေးနှုန်းထိန်းချုပ်နိုင်ရန်အတွက် အခြေခံစားသောက်ကုန်တစ်မျိုးဖြစ်သည့် ကြက်သွန်နီအပေါ် အခွန်များတိုးမြှင့်ကောက်ခံသော်လည်း ဒေသမျိုးရင်းထွက်ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး အတွက် GI ထွက်ကုန်ပစ္စည်းများအပေါ် အခွန်လျှော့ချဆောင်ရွက်ခဲ့မှုအခြေအနေကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

**Source: Government waives export taxes on Bangalore rose onions, The Economic Times, 29 September 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)_05102023_11:25

## မလေးရှားဝန်ကြီးချုပ် Anwar Ibrahim က ဆန်သိုလှောင်သိမ်းဆည်းထားသူများကို အရေးယူမည်ဖြစ်ကြောင်း သတိပေးပြောကြား

ဆန်သိုလှောင်သိမ်းဆည်းထားသည့် မည်သူကိုမဆိုတွေ့ရှိပါက ဥပဒေကြောင်းအရ အရေးယူသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ် Anwar Ibrahim က သတိပေးပြောကြားခဲ့ပါသည်။ မလေးရှားနိုင်ငံတွင် ဆန်ဈေးနှုန်း အလွန်အမင်းမြင့်တက်ခြင်း၊ ဈေးကွက်တွင် ဆန်ပမာဏမလုံလောက်ခြင်းတို့သည် ပြည်တွင်းဆန်များကို သိုလှောင်ထားမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

မလေးရှားနိုင်ငံသည် နိုင်ငံ၏ဆန်စားသုံးမှုလိုအပ်ချက် ၃၈ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းသည့်နိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် ဆန်ထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံများ၏ ဆန်နှင့်စပ်လျဉ်းသည့် ပို့ကုန်ကန့်သတ်ချက်များကြောင့် ထိခိုက်ခံရသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့ပါသည်။ ထိုသို့ကန့်သတ်ချက်များကြောင့် နိုင်ငံအတွင်း ဆန်ကို အလုအယက်ဝယ်ယူမှုများ ဖြစ်ပွားခဲ့ပြီး ဆန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့ပါသည်။

ပြည်သူအများက ဆန်ရရှိရန် ရုန်းကန်နေရချိန်တွင် အဆိုပါအခြေအနေအပေါ် အခွင့်အရေးယူသည့် မည်သူကိုမဆို တရားစွဲ၍ တရားရုံးတွင်ဖြေရှင်းရအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် အစားအစာဖူလုံရေးဝန်ကြီး ဌာန(The Agriculture and Food Security Ministry)ကိုလည်း ဆန်သိုလှောင်သိမ်းဆည်းမှုကို ထိန်းချုပ်နိုင်ရေး ကြပ်မတ်ခြင်းနှင့် စောင့်ကြည့်ခြင်းများကိုပြုလုပ်သွားရန် ညွှန်ကြားထားကြောင်း ဝန်ကြီးချုပ် Anwar Ibrahim က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့က ပြောကြားခဲ့ပါသည်။

မလေးရှားနိုင်ငံတွင် တင်သွင်းသည့်ဆန်ဖြူ၏ ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလက ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပါသည်။ ဆန်ဈေးနှုန်းမြင့်တက်မှုကို ကျဆင်းရန်အတွက် Sabah ပြည်နယ်နှင့် Sarawak ပြည်နယ်များတွင် တင်သွင်းသည့်ဆန်ဖြူတစ်တန်အပေါ် အစိုးရက မလေးရှားရင်းဂစ် ၉၅၀ ထောက်ပံ့ပေးခြင်းအပါအဝင် လုပ်ငန်းစဉ်များကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့က ကြေညာခဲ့ပါသည်။ ထိုသို့ထောက်ပံ့ပေးမည့်အစီအစဉ်မှာ အောက်တိုဘာလ ၃ ရက်နေ့ တွင် စတင်မည်ဖြစ်ပါသည်။ ဆန်အပေါ်ထောက်ပံ့မှုအနေဖြင့် ရင်းဂစ်သန်း ၄၀၀ ကို စစ်စခန်းများ၊ ရဲစခန်းများ၊ ကျောင်းအဆောင်များစသည့် အစိုးရဌာနများသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်က ပြောကြားခဲ့ ပါသည်။

ဈေးကွက်တွင် ပြည်တွင်းဆန်လုံလုံလောက်လောက်ရရှိစေရေးအတွက် ပြည်တွင်းဆန်မျိုးရင်းများနေရာတွင် အစားထိုး တင်သွင်းသည့်ဆန်ဖြူကို ဝယ်ယူခြင်း၌ အစိုးရနှင့်ချုပ်ဆိုထားသည့် ဆန်ဝယ်ယူရေးစာချုပ်များလည်း ပါဝင်မည်ဖြစ်ပါသည်။

**Source: The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

https://myantrade.gov.mm/article/STP(Ygn)_05102023_11:36

## မန္တလေးဈေးကွက်အတွင်း ဆီးဆန်များ တရုတ်နိုင်ငံက ဝယ်ယူမှုအားကောင်း၍ ဈေးကောင်းရရှိ

မန္တလေးဈေးကွက်အတွင်း ယခုရက်ပိုင်း ဆီးဆန်များ တရုတ်နိုင်ငံက ဝယ်ယူမှုအားကောင်း၍ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

ဆီးသီးများတွင် ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ဆီးဆန်များကို ဆီးချဉ်သီးမှ ကြိတ်ခွဲပြီး ထုတ်လုပ်ရရှိကြောင်း၊ အဆိုပါဆီးဆန်များ ဩဂုတ်လ တတိယပတ်မှစ၍ ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။ "ဆီးသီးမှကြိတ်ခွဲထုတ်လုပ် လိုက်တဲ့ ဆီးဆန်တွေကို တရုတ်နိုင်ငံက ဝယ်ယူမှုအားကောင်းလို့ ဈေးမြင့်တက်နေတယ်။ ဆီးဆန်က မြန်မာနိုင်ငံ ဈေးကွက်အတွင်းမှာ အသုံးချမှုရှိတာ မတွေ့ရပါဘူး။ အဲဒီဆီးဆန်တွေကို တရုတ်နိုင်ငံဈေးကွက်မှာ ဆေးဝါးထုတ်လုပ်တယ်လို့ သိရပါတယ်။ ဆီးဆန်အခုလို ဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလဲ လည်ပတ်နေရလို့ လုပ်သားတွေ အလုပ်အကိုင်တွေရရှိကြပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ ဆီးချဉ်ပင်သည် သဲဆန်သောမြေများတွင် အလေ့ကျပေါက်ပြီး ပူအိုက်သောမြေများတွင် ပေါက်လေ့ရှိကြောင်း၊ ဆီးချဉ်ပင်များသည် မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးပေါက်ကြကြောင်း၊ ရေနံချောင်း၊ ချောက်၊ မလိုင်၊ တောင်သာ၊ မိတ္ထီလာစသည့်မြို့များတွင် ဆီးခွဲစက်များထောင်ကာ ကြိတ်ခွဲမှုပြုလုပ်နေကြကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## မြေပဲဆန်ဈေးနှုန်း တဖြေးဖြေးကျဆင်း


မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် မြေပဲဆန်များ ဈေးကွက်ထဲသို့ဝင်ရောက်၍ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ မြေပဲဆန်များ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးနှုန်းတဖြေးဖြေးကျဆင်းလာပါသည်။ မြေပဲဆန်အနီဈေးမှာ မြေပဲဆန်အဖြူဈေးထက် ဈေးပိုမိုရရှိကာ တရုတ်ဝယ်လက်မှလည်း မြေပဲဆန်အနီကိုသာ ဝယ်ယူသောကြောင့် ဈေးပိုရခြင်းဖြစ်ပါသည်။ မြေပဲဆန်အဖြူကို မြေပဲယိုလုပ်ငန်းရှင်များနှင့် ဆားလှော်လုပ်ငန်းရှင်များမှသာ အဝယ်များပါသည်။

မြေပဲဆန်နီသည် တရုတ်မုန့်စားပွဲတော်ကာလဖြစ်၍ ပြည်ပဝယ်လက်နည်းသော်လည်း ပြည်တွင်းစားသုံးမှုများသည့်အတွက် ပြည်တွင်းဝယ်လိုအားသည် ပုံမှန်ပင်ဖြစ်ပါသည်။ မြေပဲဆန်ဈေးမှာ ဩဂုတ်လတွင် တစ်ပိဿာလျှင် (၁၀၀၀၀)ကျော် ရရှိနေရာမှ စက်တင်ဘာလတွင် (၉၀၀၀)ကျော်နှင့် ယခု အောက်တိုဘာလတွင် (၇၀၀၀/၆၀၀၀)ကျော်အထိ ဈေးနှုန်းကျဆင်းလာကြောင်း သိရှိရပြီး မြေပဲဆန်အနီမှာ ဈေးကွက်ထဲတွင် အရောင်းအဝယ်မရှိသလောက်ဖြစ်ပြီး မြေပဲဆန်အဖြူသာ အရောင်းအဝယ်ဖြစ်နေပါသည်။

မြေပဲဆန်ဈေးများမှာ ဩဂုတ်လတွင် မြေပဲဆန်အနီ တစ်ပိဿာလျှင် ကျပ်(၁၀၀၀၀-၁၀၅၀၀)ဈေး၊ မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ကျပ်(၇၉၀၀)ဈေး၊ စက်တင်ဘာလတွင် မြေပဲဆန်အနီ တစ်ပိဿာလျှင် ကျပ်(၉၅၀၀)ဈေး၊ မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ကျပ်(၇၃၀၀)ဈေး၊ အောက်တိုဘာလတွင် မြေပဲဆန်အဖြူ တစ်ပိဿာလျှင် ကျပ်(၆၆၀၀)ဈေးအထိ တဖြေးဖြေး ဈေးကျဆင်းလာကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရှိရပါသည်။

Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## STOCK EXCHANGE (5.10.2023)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,236 (Shares) | 12,617,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 8,900 | 9,000 | 8,800 | 136 | 1,207,600 | 33,109,694 | 297,987 |
| MTSH | 00002 | 2,950 | -100 | -3.28% | 3,000 | 3,000 | 2,950 | 2,505 | 7,446,850 | 38,929,150 | 114,841 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 41 | 69,700 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 10 | 24,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | -50 | -2.33% | 2,200 | 2,200 | 2,100 | 651 | 1,387,200 | 19,977,223 | 41,952 |
| AMATA | 00007 | 4,800 | -200 | -4.00% | 4,800 | 4,800 | 4,800 | 300 | 1,440,000 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,750 | 1,850 | 1,750 | 593 | 1,041,700 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.03 | -3.08 | -0.81% | 374.11 | 375.86 | 372.35 | 4,236 | 12,617,050 | 8 | 707,381 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 4,236 (Shares) | 12,617,050 (MMK) |

### Main Board

As of 1:00 pm, 5th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,236 (Shares) | 12,617,050 (MMK) |

| MYANPIX | 375.03 ▼ 3.08 |
|---|---|
| Total Volume (shares) | 4,236 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 707,381 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 100 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▼ 50 |
| AMATA | 00007 | 4,800 | ▼ 200 |
| MAEX | 00008 | 1,850 | ▲ 50 |